# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃၀/ ၂၀၂၄) ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ(၂၄) ရက်

| ၂၄ - ၁၀ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၃၈၄၂.၉ |
| စင်္ကာပူဒေါ်လာ | ၂၆၉၈.၄ |
| စတာလင်ပေါင် | ၄၆၁၁.၃ |
| ဂျပန်ယန်း (၁၀၀) | ၂၃၄၃.၅ |
| တရုတ်ယွမ် | ၅၀၀.၇၈ |
| ဟောင်ကောင် ဒေါ်လာ | ၄၅၈.၇၈ |
| အိန္ဒိယရူပီး | ၄၂.၃၉၀ |
| ကိုရီးယားဝမ် (၁၀၀) | ၂၅၈.၁၇ |
| မလေးရှား ရင်းဂစ် | ၈၁၈.၅၆ |
| ဖိလစ်ပိုင်ပီဆို | ၆၁.၄၉၁ |
| ထိုင်းဘတ် | ၁၀၅.၅၅ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၁၄.၀၂၀ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ပေါင်းဆန်အား လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

➢ ၂၀၂၄-၂၅ သီးနှံနှစ်တွင် ဝါဂွမ်းတင်သွင်းမှုတိုးမြင့်လာဖွယ်ရှိသည့် အိန္ဒိယနိုင်ငံ

➢ ဆန်တင်ပို့မှုအပေါ် မူဝါဒထပ်မံဖြေလျှော့ပေးရန် အိန္ဒိယအစိုးရဆုံးဖြတ်

➢ အိန္ဒိယအဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့် ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

➢ ရုရှားအစိုးရက ကွန်ပေါင်းဓာတ်မြေဩဇာတင်ပို့မှုအတွက် ပို့ကုန်ခွဲတမ်းတိုးမြှင့်

➢ ရုရှားသည် အင်ဒိုနီးရှားသို့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်မြေဩဇာနှင့် ဂျုံများ တိုးမြှင့်တင်ပို့နိုင်ရန် ဆွေးနွေး

➢ ရုရှားသည် မလေးရှားနိုင်ငံသို့ ဓာတ်မြေဩဇာများ တိုးမြှင့်တင်ပို့ရန် စီစဉ်

- **အထွေထွေသတင်းများ**

➢ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၈ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ တိုးတက်

➢ ရုရှား-တရုတ် ကုန်သွယ်မှုပမာဏ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကန်ဒေါ်လာ ၁၈၀.၃၅ ဘီလီယံရှိပြီး ၂ ရာခိုင်နှုန်းတိုးတက်

- ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် RCEP ၏ ကုန်သွယ်ရေးဖြေလျှော့မှုများမှ အကျိုးအမြတ်ရရှိရန် မျှော်လင့်
- တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရေရှည်တည်တံ့သော ကုန်သွယ်မှုဆက်ဆံရေးကို မြှင့်တင်ရန် ယန္တရားတစ်ခုကို အကောင်အထည်ဖော်
- တရုတ်နိုင်ငံသည် ဗီယက်နမ်နှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်
- တရုတ်နိုင်ငံ၏ စီးပွားရေးသည် တစ်နှစ်တာရည်မှန်းချက်ကို ပြည့်မီရန် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေ

# ပေါင်းဆန်အား လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆန်လက်ကျန်များ ပိုလျှံလျက်ရှိသလို မိုးကောင်းစွာရရှိမှုကြောင့် လာမည့်ရာသီတွင် ဆန်စပါးအထွက်နှုန်းတိုးမည်ဟု ခန့်မှန်းချက်ကြောင့် ပေါင်းဆန်အား လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့ကြောင်း သိရသည်။ မကြာသေးမီက ၎င်းထုတ်ကုန်အပေါ်ထားရှိသော အကောက်ခွန် ၂၀ ရာခိုင်နှုန်းအား ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီးနောက် ယခုကဲ့သို့ အကောက်ခွန်လွတ်တင်ပို့ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။ ၂၀၂၄ ခုနှစ်၊ ပထမ ၈ လ တာအတွင်း အိန္ဒိယနိုင်ငံမှ ပေါင်းဆန်တင်ပို့မှု ၁၃ ရာခိုင်နှုန်း ကျဆင်းကာ တန်ချိန် ၅ ဒသမ ၁ သန်း တင်ပို့ခဲ့ကြောင်း Trade Promotion council of India က ယခုလ ၂၃ ရက်က ဖော်ပြသည်။

အိန္ဒိယဆန်တင်ပို့သူများကို ထိုင်းနိုင်ငံကဲ့သို့ ဆန်အဓိကတင်ပို့ချသော နိုင်ငံများနှင့် ပိုမိုထိရောက်စွာ ယှဉ်ပြိုင်နိုင်စေရန် အစိုးရမှ ယခုလို ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက် လိုက်သည့်အတွက် ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းလာဖွယ်ရှိကာ ဝယ်လိုအားတိုးတက်လာမှုကြောင့် အိန္ဒိယလယ်သမားများ အကျိုးအမြတ်ရရှိပြီး ဝင်ငွေများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

"ယခုလုပ်ဆောင်ချက်က အစိုးရအနေဖြင့် လာမည့်ရာသီဆန်စပါးထွက်ရှိမှုအပေါ် ယုံကြည်မှုရှိကြောင်း ပြသနေပါတယ်။" ဟု အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Dev Garg က ပြောကြားခဲ့သည်။ ပေါင်းဆန်အား အကောက်ခွန်လွတ်တင်ပို့ခွင့်ပြုလိုက်သည့်အတွက် အာဖရိကကဲ့သို့ ဈေးနှုန်းသက်သာမှုကို နှစ်သက်သော နိုင်ငံများမှ ဝယ်ယူသူများကို စွဲဆောင်နိုင်လိမ့်မည်ဟု ယူဆရကြောင်း အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ Mr. B.V. Krishna Rao က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် အခွံချွတ်ပြီး ဆန်လုံးညိုနှင့် စပါးတို့အပေါ်ထားရှိသော ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်းကိုလည်း ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် လွန်ခဲ့သောလက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ကြမ်းခင်းဈေး ကန်ဒေါ်လာ ၄၉၀ သတ်မှတ်၍ ပြန်လည်ခွင့်ပြုပေးခဲ့သည်။ အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှု တိုးမြင့်လာသည့်အတွက် ကမ္ဘာ့ဆန်ရောင်းလိုအားကို မြင့်တင်ပေးကာ ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံကဲ့သို့

Agribusiness & Trade

ဆန်တင်ပို့သောနိုင်ငံများအပေါ် ဈေးနှုန်းလျှော့ချသတ်မှတ်ရန် ဖိအားပေးနိုင်လိမ့်မည်ဟု ယူဆထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အယ်နီညိုကြောင့် မိုးရေရရှိမှုနည်းပါးမည်ကို စိုးရိမ်သည့်အတွက် ၂၀၂၃ ခုနှစ်က ပြည်ပသို့ ဆန်တင်ပို့မှုအပေါ် ကန့်သတ်ထိန်းချုပ်မှုများ လုပ်ဆောင်ခဲ့သည်။ ယင်းနောက် ပြည်တွင်း ဆန်ရောင်းလိုအားမြင့်တက်လာပြီး၊ အစိုးရ၏ အရန်ဆန်သိုလှောင်မှုများတွင် ဆန်လက်ကျန်များ ပိုလျှံစေခဲ့ကြောင်း သိရသည်။

သို့ပါ၍ ကမ္ဘာ့ဆန်အများဆုံးတင်ပို့သော နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုမူဝါဒ ဖြေလျှော့မှုကြောင့် မြန်မာနိုင်ငံအပါအဝင် ဆန်ကို အဓိကတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများရှိလာနိုင်ကာ ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းလာမည်ဟု သုံးသပ်ရရှိပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ Trade Promotion council of India: India scraps export tax on parboiled rice, October 23, 2024.

.................................................................................................

## ၂၀၂၄-၂၅ သီးနှံနှစ်တွင် ဝါဂွမ်းတင်သွင်းမှုတိုးမြင့်လာဖွယ်ရှိသည့် အိန္ဒိယနိုင်ငံ

၂၀၂၄-၂၅ သီးနှံနှစ် (၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် စက်တင်ဘာလအထိ) ကာလတွင် အိန္ဒိယနိုင်ငံ၏ ဝါဂွမ်းတင်သွင်းမှု တိုးမြင့်လာဖွယ်ရှိကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၄ ရက်တွင် ဖော်ပြသည်။ ယခင်နှစ်က ဝါဂွမ်းလက်ကျန်နည်းပါးခြင်းနှင့် ဝါစိုက်ပျိုးဧရိယာ လျှော့ကျမှုတို့ကြောင့် ဝါဂွမ်းအထွက်နှုန်းအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း သိရသည်။

"ယခုနှစ်ပြည်ပမှ ဝါဂွမ်းတင်သွင်းမှု ဘေထုပ် ၃၅ သိန်းအထိ ရှိမည်ဟု ခန့်မှန်းထားပါတယ်။" ဟု အိန္ဒိယချည်အသင်း (Cotton Association of India) ဥက္ကဋ္ဌ Atul Ganatra က ပြောကြားခဲ့သည်။ ဩဂုတ်လတွင် အဆုံးသတ်ခဲ့သော ၂၀၂၃-၂၄ ခုနှစ် ရာသီက ဝါဂွမ်းတင်သွင်းမှုစုစုပေါင်းမှာ

၁၇၀ ကီလိုဂရမ်ပါ ဘောထုပ် ၁၆ ဒသမ ၄၀ သိန်းရှိခဲ့ကြောင်း အဆိုပါအသင်း၏ အချက်အလက်များ အရ သိရသည်။

အိန္ဒိယနိုင်ငံတွင် ယခုနှစ် ဝါဂွမ်းစိုက်ဧရိယာ ဟက်တာ ၁၂ သိန်းမှ ၁၃ သိန်းအထိ ကျဆင်းခဲ့ပြီး ဝါဂွမ်းအထွက်လျော့ကျဖွယ်ရှိသည့်အတွက် ပြည်ပမှ ဝယ်ယူတင်သွင်းမှု တိုးမြင့်လာခဲ့သည်ဟု ဆိုသည်။ အဓိကအကြောင်းအရင်းမှာ ၂၀၂၃-၂၄ ခုနှစ် ရာသီက ဝါဂွမ်းလက်ကျန်မရှိသလောက်နည်းပါးခြင်းဖြစ်ကြောင်း သိရသည်။ “ဝါစိုက်တောင်သူတွေလက်ထဲမှာ ယခုသီးနှံနှစ်အတွက် ၂၀၂၃-၂၄ ခုနှစ်ရာသီက လက်ကျန်ဖြစ်သော မပြုပြင်ရသေးသည့် ဝါဂွမ်းဘောထုပ် ၃၀ သိန်း ရှိနေသေးပါတယ်။” ဟု Ganatra က ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့က အိန္ဒိယချည်အသင်းမှ ထုတ်ပြန်ခဲ့သော ဩဂုတ်လ စားရင်းပိတ်လက်ကျန် အချက်အလက်များအရ ဝါဂွမ်းဘောထုပ် ၂၃ ဒသမ ၃၂ သိန်းရှိကာ ယခင်နှစ်ကာလတူက ဘောထုပ် ၂၈ ဒသမ ၉၀ သိန်းနှင့် နှိုင်းယှဉ်ပါက လျော့ကျခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလမှ မတ်လအတွင်း ဝါဂွမ်းဘောထုပ်ပေါင်း ၇ သိန်းမှ ၁၀ သိန်းအထိ ပြည်ပမှ တင်သွင်းဖို့ အရောင်းအဝယ်စာချုပ်များ ချုပ်ဆိုထားပြီးဖြစ်ကြောင်း၊ ဒီဇင်ဘာလတွင် ဘရာဇီးနိုင်ငံမှ အိန္ဒိယဆိပ်ကမ်းများသို့ ရောက်ရှိလာမည့် ဝါဂွမ်းများ၏ ကုန်းပေါ်အရောက်ဈေးနှုန်းသည် အကောက်ခွန် ၁၁ ရာခိုင်နှုန်းအပါအဝင် ရူပီး ၆၄၈၀၀ ရှိမည်ဟု အောက်တိုဘာလ ၁ ရက်နေ့က ခန့်မှန်းထားကြောင်း Ganatra က ပြောကြားခဲ့သည်။

၂၉ မီလီမီတာ ဩစတေးလျဝါဂွမ်း၏ ကုန်းပေါ်အရောက်ဈေးနှုန်းမှာ အကောက်ခွန် ၁၁ ရာခိုင်နှုန်းအပါအဝင် ရူပီး ၆၉၁၂၀၊ ၂၀၂၅ ခုနှစ် မတ်လတွင် တင်ပို့ပြီး၊ ဧပြီလမှ မေလအတွင်း ရောက်ရှိမည့် ၂၈ ဒသမ ၇ မီလီမီတာ အာဖရိကဝါဂွမ်း၏ ကုန်းပေါ်အရောက်ဈေးနှုန်းမှာ အကောက်ခွန် ၅ ဒသမ ၅ ရာခိုင်နှုန်းအပါ ရူပီး ၆၃၄၈၀ ရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။

အောက်တိုဘာလ ၃ ရက်နေ့က နိုင်ငံတစ်ဝှမ်းရှိ ဈေးကွက်များသို့ ဝါဂွမ်းဘောထုပ် ၃၇၅၀၀ ရောက်ရှိပြီး၊ ယင်းနေ့မတိုင်မီက ဝါဂွမ်းဘောထုပ် ၁၄၈၀၀ ရောက်ရှိခဲ့သည့်အတွက် အရေအတွက် မြင့်တက်လာခဲ့ကြောင်းနှင့် အောက်တိုဘာလ ၁ ရက်မှ စတင်ရေတွက်လျှင် စုစုပေါင်း ဝါဂွမ်းဘောထုပ် ၈၀၃၀၀ ရှိကြောင်း အိန္ဒိယဝါ အသင်းက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၄-၂၅ ခုနှစ် ရာသီဝါအထွက်နှုန်းကို ခန့်မှန်းရန် အချိန်စောလွန်းနေသေးကြောင်း Ganatra က ပြောကြားခဲ့သည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝါသီးနှံအများအပြားကို ထိခိုက်စေခဲ့ကြောင်း၊ ထို့အပြင် Maharashtra နှင့် Gujarat ပြည်နယ်တို့၌ သီးနှံထွက်ရှိမှု အချိန်တစ်လ နောက်ကျခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ဝါဂွမ်းပွဲစားများ အသင်း(All India Cotton Brokers Association) ၏ ဒုတိယဥက္ကဋ္ဌ Ramanuj Das Boob က Intercontinental Exchange (ICE) ဈေးကွက်၏ အနာဂတ်ဝါဂွမ်းဈေးနှုန်း ၁ ပေါင်လျှင် ၆၆-၆၇ ဆင့်ရှိသည့် အချိန်တွင် ဘေထုပ် ၁၀ သိန်းခန့်ဝယ်ယူရန် စာချုပ် ချုပ်ဆိုထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုအခါ ICE ၏ အနာဂတ် ဝါဂွမ်းဈေးနှုန်း ၁ ပေါင်လျှင် ၇၂/၇၃ ဆင့်သို့ မြင့်တက်သွားကြောင်း၊ နိုင်ငံခြားမှ အမှာဝါဂွမ်းများရောက်ရှိချိန်၌ ဖြစ်ပေါ်လာသည့် အိန္ဒိယဝါဈေးမည် အပေါ်မူတည်၍ နောက်ထပ်မည်မျှဝယ်ယူတင်သွင်းရမည် ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

Karnataka ပြည်နယ် Raichur တွင် နေ့စဉ် ဝါဂွမ်းကြမ်း ရောက်ရှိမှု ဘေထုပ် ၃၀၀၀ မှ ၅၀၀၀ ခန့်အတွင်း ရှိပြီး၊ ဈေးနှုန်း ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇၀၀၀ မှ ၇၇၀၀ အတွင်းရှိကြောင်း သိရသည်။

Telangana ပြည်နယ် Adoni ရှိ ဝါဈေးနှုန်း ၁ ကွင်တယ် ရူပီး ၇၀၀၀ မှ ၇၄၀၀ အတွင်းရှိကြောင်း Boob က ပြောကြားခဲ့သည်။ တစ်ဖြည်းဖြည်းချင်းဝယ်ယူကြသည့်အတွက် ရေငွေ့ပါဝင်မှုမြင့်မားပြီး၊ ၁၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ချည်မျှင် အလယ်အလတ်အရှည်ဝါဂွမ်း၏ အနိမ့်ဆုံးပံ့ပိုးမှုဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ရူပီး ၇၁၂၁ ရှိကာ ချည်မျှင်ရှည်ဝါဂွမ်း ဈေးနှုန်းမှာ ၁ ကွင်တယ်လျှင် ရူပီး ၇၅၂၁ ရှိကြောင်း သိရသည်။ ဝါစိုက်ဧက နည်းပါးပြီး၊ Gujarat၊ Maharashtra နှင့် MP ပြည်နယ်တို့ရှိ ဒေသတစ်ချို့၌ ဝါရောက်ရှိချိန် နောက်ကျနိုင်သော်လည်း သီးနှံအထွက် ကောင်းမွန်မည်ဟု ယူဆကြောင်း Boob က ပြောကြားခဲ့သည်။ အောက်တိုဘာလ ၁၅ ရက် နောက်ပိုင်းတွင် ဈေးကွက်သို့ ဝါဂွမ်းရောက်ရှိမှု တိုးမြင့်လာဖွယ်ရှိသည်ဟု ၎င်းက ပြောကြားခဲ့သည်။

Agribusiness & Trade

အိန္ဒိယနိုင်ငံတွင် ယခုနှစ်၌ မိုးများခြင်း၊ ဝါစိုက်ဧက နည်းပါးခြင်းတို့ကြောင့် ပြည်တွင်း၌ ဝါဂွမ်းထွက်ရှိမှုနည်းပါးဖွယ်ရှိကာ ပြည်ပမှ ဝယ်ယူတင်သွင်းမှုတိုးမြင့်လာဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ယူဆထားပါသည်။ နိုဝင်ဘာလမှ မတ်လအတွင်း ဘရားဇီး၊ သြစတေးလျနှင့် အာဖရိနိုင်ငံတို့မှ ဝါဂွမ်းဘေထုပ်ပေါင်း ၇ သိန်းမှ ၁၀ သိန်းအထိ တင်သွင်းဖို့ သဘောတူထားပြီးဖြစ်ကြောင်း သိရပါသည်။ မြန်မာနိုင်ငံအနေဖြင့် အိန္ဒိယနိုင်ငံသို့ ဝါဂွမ်းတင်သွင်းနိုင်မည့် အခွင့်အလမ်းများရှိသော်လည်း ဖော်ပြပါနိုင်ငံများမှ ဝါဂွမ်းများနှင့် အရည်အသွေး/ဈေးနှုန်း ယှဉ်ပြိုင်ရဖွယ်ရှိနေကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline: India's cotton imports likely to rise in 2024-25 crop year, October 04, 2024.

## ဆန်တင်ပို့မှုအပေါ် မူဝါဒထပ်မံဖြေလျှော့ပေးရန် အိန္ဒိယအစိုးရဆုံးဖြတ်

အိန္ဒိယအစိုးရသည် ဆန်ဖြူတင်ပို့မှုအပေါ်သတ်မှတ်ထားသော ကြမ်းခင်းဈေး (Minimum export price -MEP) ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ နှင့် ပေါင်းဆန်အပေါ် စည်းကြပ်ထားသော ၁၀ ရာခိုင်နှုန်း ပို့ကုန်ခွန်တို့အား ဖယ်ရှားရန် ဆုံးဖြတ်ခဲ့ကြောင်း The Hindu Businessline သတင်းဌာနက ယခုလ ၁၈ ရက်က ဖော်ပြသည်။

ယခုလ ၁၈ ရက် (ဗုဒ္ဓဟူးနေ့) က ကျင်းပပြုလုပ်ခဲ့သော ဝန်ကြီးဌာနအသီးသီးမှ အဆင့်မြင့်ကိုယ်စားလှယ်များပါဝင်သော အစည်းအဝေးတစ်ခု၌ ယင်းသို့ ဆုံးဖြတ်ခဲ့ကြောင်းနှင့် မကြာမီ တရားဝင်အမိန့်ကြော်ငြာစာ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း အဆိုပါကိစ္စနှင့်နီးစပ်သော တာဝန်ရှိသူများက အတည်ပြု ပြောကြားခဲ့သည်။

လက်ရှိခါရစ် (မိုးရာသီ) ဈေးကွက်ရာဖွေရေးရာသီ၌ ဆန်လက်ကျန်များပိုလျှံနေပြီး အရန်ဆန် ဝယ်ယူရန်ခက်ခဲစေသည့်အတွက် ယင်းသို့ ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု ကုန်သည်အသိုင်းအဝိုင်းက ပြောကြားခဲ့သည်။ ဆန်များကို သိုလှောင်ရန်နေရာ မကျန်ရှိရခြင်းမှာ အောက်တို

ဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်းနှင့် ၎င်းမှ သတ်မှတ်ပေး ထားသောဌာနများမှ ဆန်ဝယ်ယူမှု ထက်ဝက်လျော့ကျခဲ့သည့်အတွက်ကြောင့်ဟု ဆိုသည်။

ယခုသီတင်းပတ်အတွင်း အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်းချုပ် (Indian Rice Exporters Federation- IREF) မှ ကုန်သွယ်ရေးဝန်ကြီး Piyush Goyal နှင့် တွေ့ဆုံကာ ဆန်လက်ကျန်များ ပိုလျှံနေသည့်အတွက် MEP နှင့် ပို့ကုန်ခွန်တို့အား ဖယ်ရှားပေးရန်နှင့် သို့မှသာ ကမ္ဘာ့ဆန်ဈေးကွက်တွင် ပါကစ္စတန်ကဲ့သို့ ပြိုင်ဖက်နိုင်ငံများနှင့် ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံမှ ဆန်ဖြူ (ဆန်ကွဲ ၅ ရာခိုင်နှုန်း)၏ FOB ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၈၈ မှ ၄၉၂ ရှိကာ ပါကစ္စတန်နိုင်ငံမှ အဆိုပါဆန်၏ FOB ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၈၁ မှ ၄၈၅ ရှိကြောင်း၊ ထို့အတူ အိန္ဒိယနိုင်ငံမှ ဆန်ဖြူ (ဆန်ကွဲ ၂၅ ရာခိုင်နှုန်း)၏ FOB ဈေးနှုန်းမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၁ မှ ၄၉၅ ရှိကာ ပါကစ္စတန်နိုင်ငံမှ အဆိုပါဆန်၏ FOB ဈေးနှုန်းမှာ ကန်ဒေါ်လာ ၄၄၀ မှ ၄၄၄ ရှိကြောင်း ထိုင်းနိုင်ငံ ဆန်တင်ပို့ရောင်းချသူများအသင်းက ဖော်ပြသည်။

အခြားပြိုင်ဖက်နိုင်ငံများဖြစ်ကြသော ဗီယက်နမ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့က အဆိုပါ ဆန် ၂ မျိုး ၏ FOB ဈေးနှုန်းအား ကန်ဒေါ်လာ ၅၀၀ အထက် သတ်မှတ်ထားကြကြောင်း သိရသည်။ ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း စည်းကြပ်ထားသော်လည်း အိန္ဒိယနိုင်ငံ၏ ပေါင်းဆန်ဈေးနှုန်းသည် ကန်ဒေါ်လာ ၄၉၀ မှ ၄၉၄ ရှိပြီး၊ ပါကစ္စတန်နိုင်ငံ၏ အဆိုပါဆန်ဈေးမှာ ၁ တန်လျှင် ကန်ဒေါ်လာ ၅၀၀ မှ ၅၀၄ နှင့် နှိုင်းယှဉ်လျှင် သက်သာလျက်ရှိသည်ဟု ဆိုသည်။

ဗဟိုအစိုးရအနေဖြင့် ပန်ဂျပ်ပြည်နယ်မှ ဆန်တန်ချိန် ၄၀ ကို ချက်ခြင်းရယူခဲ့သည်ကို ကြည့်ခြင်းအားဖြင့် သိုလှောင်စရာနေရာမရှိ၍ MEP နှင့် ၁၀ ရာခိုင်နှုန်းအခွန်အား ဖယ်ရှားလိုက်သည်မှာ အကြောင်းပြချက်ကောင်းတစ်ခုမဖြစ်နိုင်ဟု ဒေလီမြို့အခြေစိုက် လေ့လာသူတစ်ဦးက ပြောကြားခဲ့သည်။ "အစိုးရအနေဖြင့် ပိုလျှံသောသီးနှံများကို ဝယ်ယူပြီး၊ သိုလှောင်ထားနိုင်ပါတယ်။ ဒါကြောင့် အခုလို ထပ်မံဖြေလျှော့ပေးလိုက်တာဟာ အကြောင်းပြချက်တစ်ခု မဖြစ်နိုင်ပါ။" ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် စက်တင်ဘာလ ၂၇ ရက်နေ့တွင် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လကတည်းက အခွန် ၂၀ ရာခိုင်နှုန်းသတ်မှတ်ထားခဲ့သည့် ပေါင်းဆန်အား ၁၀ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်ခဲ့

Agribusiness & Trade

သည်။ တစ်ဖန် စက်တင်ဘာလ ၂၈ ရက်နေ့က ၂၀၂၃ ခုနှစ်၊ ဇူလိုင်လကတည်းက အာဏာသက်ဝင်ခဲ့သည့် ဆန်ဖြူတင်ပို့မှု ပိတ်ဆို့ထားသည့်အပေါ် လွတ်လပ်စွာတင်ပို့ခွင့် ပြန်လည်ခွင့်ပြုခဲ့သည်။ သို့သော် MEP ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၀ သတ်မှတ်ခဲ့သည်။ ရာသီဥတု ပြောင်းလဲမှုဒဏ်ကြောင့် နိုင်ငံ၏ ဂျုံနှင့် စပါးစိုက်ပျိုးမှုအား အနည်းနှင့် အများဆိုသလို ထိခိုက်ခဲ့သော်လည်း ဆန်ထုတ်လုပ်မှု ၁၃၇ ဒသမ ၈၂ တန်ရှိကြောင်း မှတ်တမ်းတင်ထားသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံမှ ယခုကဲ့သို့ ဆန်တင်ပို့မှု မူဝါဒကို ဖြေလျှော့ပေးလာသောကြောင့် အိန္ဒိယဆန်တင်ပို့သူများအနေဖြင့် ယှဉ်ပြိုင်နိုင်စွမ်းပိုမိုရရှိကာ ကမ္ဘာ့ဆန်ဈေးကွက်အပေါ် သိသာသောရိုက်ခတ်မှုများရှိလာမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline: India decides to ease rice export curbs further, October 18, 2024.

..........................................................................................................................................

## အိန္ဒိယအဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့် ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိ

အိန္ဒိယအစိုးရမှ ဆန်တင်ပို့မှု ပြန်လည်ခွင့်ပြုခဲ့သော်လည်း အဓိကဆိပ်ကမ်းများရှိ ပြည်ပသို့တင်ပို့မည့် ဆန်ဖြူနှင့် ပေါင်းဆန်များကို အကောက်ခွန်ဌာနမှ ထိန်းသိမ်း၍ အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း The Hindu businessline သတင်းဌာနက ယခုလ ၁၀ ရက် က ဖော်ပြသည်။

ပြည်ပသို့တင်ပို့မည့် ဆန်များကို ကုန်သေတ္တာဌာနများ (container freight stations -CFS) ၌ ထိန်းသိမ်းထားရှိကာ ဆန်ဖြူနှင့် ပေါင်းဆန်ရောနှော တင်ပို့ခြင်းမရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ ပေါင်းဆန်အတွက် ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်း ပေးဆောင်ရန် လိုအပ်သည့်အတွက် ဖြစ်ကြောင်း သိရသည်။ "အခြေအနေက အရင်ကနှင့် ပြောင်းပြန်ဖြစ်နေပါတယ်။" ဟု အမည်မဖော်လိုသော ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ အကောက်ခွန်ဌာနက ယခုနှစ်၊ စက်တင်ဘာလကုန်ပိုင်းအထိ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လကတည်းက ပိတ်ပင်ထားခဲ့သည့် ဆန်ဖြူကို ပေါင်းဆန်နှင့်

Agribusiness & Trade

ရောနှော၍ တရားမဝင်တင်ပို့မည်စိုးသဖြင့် ပို့ကုန်များကို အထူးကြပ်မတ် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယခုအခါ ၎င်းတို့အနေဖြင့် ပေါင်းဆန်အား ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့ခြင်း မရှိစေရန် အထူးစစ်ဆေးကြပ်မတ်မှုများ ဆောင်ရွက်လျက်ရှိခြင်းဖြစ်သည်။ ကမ္ဘာ့ဈေးကွက်တွင် ဆန်ဖြူဈေးနှုန်း ၁ တန်လျှင် ကန်ဒေါ်လာ ၄၉၁ မှ ၄၉၅ ရှိချိန်တွင် ပေါင်းဆန်၏ (FOB)ဈေးမှာ ကန်ဒေါ်လာ ၅၀၀ ရှိကြောင်း သိရသည်။ ကုန်စည်များတင်ပို့နိုင်ရန် အနည်းဆုံး အချိန် ၁၀ ရက်ခန့် နောက်ကျနေသည့်အတွက် အပိုဆောင်းကုန်ကျစရိတ် ၁ တန်လျှင် ကန်ဒေါ်လာ ၇၀ မှ ၈၀ အထိ ကုန်ကျနေရကြောင်း ပို့ကုန်တင်ပို့သူများက ပြောကြားခဲ့သည်။ ထို့ကြောင့် အငယ်စားနှင့် အလတ်စား ပို့ကုန်တင်ပို့သူများအပေါ် အဓိကသက်ရောက်မှုရှိစေသည်ဟုဆိုသည်။

ဆန်နမူနာကို ဓါတ်ခွဲခန်းတွင် စမ်းသပ်၍ အဖြေမရမှီအချိန်အထိ ကုန်စည်များကို အဆိုပါ CFS ဂိုဒေါင်များ၌ ထိန်းသိမ်းထားရှိကြောင်း၊ ချနိုင်းလိုမြို့ကြီးဖြစ်ပါက ဓါတ်ခွဲစမ်းသပ်ချက် အဖြေကို အနည်းဆုံး အချိန်သုံးရက်အတွင်း ရရှိနိုင်ကြောင်း၊ အကယ်၍ Kakinada သို့မဟုတ် Vizag ဆိပ်ကမ်းများတွင် ဆိုပါက နောက်ထပ် ၂ ရက် ၃ ရက်ခန့် ပိုမိုကြာမြင့်နိုင်ကြောင်း ဆန်တင်ပို့သူများက ပြောကြားခဲ့သည်။ ၎င်းတို့၏ ကုန်စည်များကို CFS ဂိုဒေါင်များ၌ ထားရှိရန် ရူပီး ၇၀၀၀ ပေးဆောင်ရကြောင်း၊ အကယ်၍ သတ်မှတ်ကာလအတွင်း ဓါတ်ခွဲခန်း အဖြေမရရှိပါက အခကြေးငွေ ထပ်မံပေးဆောင်ရကြောင်း Kakinada မှ ဆန်ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

အမြဲတမ်းတင်ပို့နေကျ ကုန်သည်ကြီးများဖြစ်ပါက CFS ကုန်လှောင်ရုံစရိတ် ထပ်မံစည်းကြပ်ခြင်း မပြုပါကြောင်း ၎င်းက ပြောကြားခဲ့သည်။ ဆန်ဖြူတင်ပို့ခွင့်ပြုလိုက်သည့်အခါ သင်္ဘောလိုင်းများအနေဖြင့်လည်း အစပထမက လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ကြသော်လည်း ယခုကဲ့သို့ နှောင့်နှေးကြန့်ကြာမှုများ ရှိလာသည့်အတွက်ကြောင့် ကုန်ကျစရိတ်များရှိဖွယ်ရှိကြောင်း ချနိုင်းမြို့မှ ကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။ “ဒီလိုမျိုး အပိုဆောင်းကုန်ကျစရိတ်တွေရှိလာတဲ့အတွက် ပို့ကုန်တင်ပို့ဖို့ ခက်ခဲစေပါတယ်။ ပြီးတော့ သင်္ဘောပတ် မမှီလိုက်တာမျိုးလည်း ဖြစ်လာနိုင်ပါတယ်။” ဟု ၎င်းက ပြောကြားခဲ့သည်။ အခြားကုန်သည်တစ်ဦးကလည်း ပို့ကုန်စစ်ဆေးရန် ခွင့်ပြုချက်ရရှိထားသူများသည် စမ်းသပ်စစ်ဆေးမှုများကို မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ကောင်းစွာ သိရှိနားလည်ပုံမရကြောင်း၊ ယင်းအတွက် မလိုအပ်ပဲ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်လာသည်ဟု ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်း၌ မိုးရေကောင်းစွာမရရှိခြင်းကြောင့် ဆန်ထုတ်လုပ်မှုလျော့ကျလာမှုကို ကုစားရန် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လမှ စတင်၍ ပြည်ပသို့ဆန်ဖြူတင်ပို့မှုကို တားမြစ်ခဲ့သည်။ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလက ဆန်ဖြူတင်ပို့မှုအပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ကောက်ခံခဲ့ပြီးနောက် ယင်းသို့ ပိတ်ပင်တားမြစ်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လက အယ်နီညိုကြောင့် စပါးအဓိကစိုက်ပျိုးရာ ဒေသများ၌ မိုးရေရရှိမှုနည်းပါးသောကြောင့် ပေါင်းဆန်၊ ဆန်လုံးညိုနှင့် အခွံချွတ်ပြီးသား ဆန်တို့အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်း စည်းကြပ်ခဲ့သည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် မကြာသေးမီက ဆန်ပို့ကုန်မူဝါဒပြောင်းလဲပြီး၊ ဆန်ဖြူကို အကောက်ခွန်လွတ်ပြန်လည် တင်ပို့ခွင့်ပြုခဲ့သော်လည်း လက်တွေ့မြေပြင်တွင် ၁၀ ရာခိုင်နှုန်း အခွန်အား တိမ်းရှောင်လို၍ ပေါင်းဆန်အား ဆန်ဖြူအဖြစ် လိမ်လည်တင်ပို့မှုများ ရှိလာမည်ကို စိုးရိမ်မကင်းဖြစ်လျက်ရှိကာ အကောက်ခွန်ဌာနမှ အထူးကြပ်မတ်စစ်ဆေးလျက်ရှိပါသည်။ ထို့ကြောင့် မလိုလားအပ်ပဲ အချိန်ကုန် ငွေကုန်ဖြစ်လာကြသည့်အတွက် ပို့ကုန်တင်ပို့သူများကို အခက်အခဲတွေ့စေလျက်ရှိကြောင်း သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

ရည်ညွှန်း။ The Hindu Businessline: As Customs officials hold up shipments at ports, rice exports get delayed, October 9, 2024.

.............................................................................................................

## ရုရှားအစိုးရက ကွန်ပေါင်းဓာတ်မြေသြဇာတင်ပို့မှုအတွက် ပို့ကုန်ခွဲတမ်းတိုးမြှင့်

ရုရှားအစိုးရသည် ကွန်ပေါင်းဓာတ်မြေသြဇာတင်ပို့မှုအတွက် ပို့ကုန်ခွဲတမ်းကို ယခင်သတ်မှတ်ထားသည့် တန်ချိန် ၇.၃ သန်းအပြင် တန်ချိန် ၂၈၇,၁၀၀ ထပ်မံတိုးမြှင့်ပေးခဲ့သဖြင့် စုစုပေါင်း တန်ချိန် ၇.၆ သန်းနီးပါးဖြစ်ကြောင်း၊ ယင်းအမိန့်သည် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်အထိ အကျုံးဝင်ပြီး ရုရှားဝန်ကြီးချုပ် Mr. Mikhail Mishustin က လက်မှတ်ရေးထိုးခဲ့ကာ ဝန်ကြီးများအဖွဲ့ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ယင်းအစီအမံသည် ပြည်တွင်းလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ခြင်း အပြင် ထုတ်လုပ်သူများအတွက် လက်ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့နိုင်စေမည်ဖြစ်ကြောင်း ဖော်ပြ

Agribusiness & Trade

ထားသည်။ ရုရှားစက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်လုပ်ငန်းရှင်များအကြား တိုးမြှင့်ခွဲတမ်းပမာဏကို ခွဲဝေသတ်မှတ်ပေးရန် တာဝန်ရှိသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ဓာတ်မြေသြဇာများ ပို့ကုန်ခွဲတမ်းအတွက် နိုက်ထရိုဂျင်ဓာတ်မြေသြဇာများ(ယူရီးယား၊ ယူရီးယား-အမိုနီယမ် အရောအနှော၊ အမိုနီယမ်နိုက်ထရိတ်)အတွက် တန်ချိန် ၁၂.၄ သန်းကျော်နှင့် ကွန်ပေါင်းဓာတ်မြေသြဇာများအတွက် တန်ချိန် ၇.၃ သန်း၊ စုစုပေါင်း တန်ချိန် ၁၉.၇ သန်းကျော် သတ်မှတ်ခဲ့သည်။

ရုရှားလယ်သမားများ၏ လိုအပ်ချက်ကို ထောက်ပံ့ပေးရန်နှင့် ပြည်တွင်းစားသောက် ကုန်ဈေးနှုန်းများ မြင့်တက်လာမှုကို ကာကွယ်တားဆီးရန် ဓာတ်သတ္တုဓာတ်မြေသြဇာများ တင်ပို့ခြင်းအတွက် အကောက်ခွန်မဲ့ခွဲတမ်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရုရှားအစိုးရက စတင်ကျင့်သုံးခဲ့ပြီး အကြိမ်ကြိမ်သက်တမ်းတိုးလျက်ရှိကြောင်း သိရှိရသည်။

စက်တင်ဘာလတွင် စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နိုက်ထရိုဂျင်နှင့် ကွန်ပေါင်းဓာတ်မြေသြဇာများ တင်ပို့ခြင်းအတွက် ခွဲတမ်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ သက်တမ်းတိုးရန် အစိုးရထံ အဆိုပြုခဲ့သည်။ အဆိုပါဌာန၏ အဆိုပြုချက်အရ စုစုပေါင်း ခွဲတမ်းပမာဏမှာ တန်ချိန် ၁၉.၂ သန်းရှိမည် ဖြစ်ပြီး နိုက်ထရိုဂျင်ဓာတ်မြေသြဇာ တန်ချိန် ၁၁.၂ သန်းနှင့် ကွန်ပေါင်းဓာတ်မြေသြဇာ တန်ချိန် ၈ သန်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

အချက်အလက်များအရ ၂၀၂၃ ခုနှစ်တွင် ရုရှားသည် ဓာတ်မြေသြဇာတန်ချိန် ၆၀ သန်း နီးပါး ထုတ်လုပ်နိုင်ခဲ့ပြီး နိုင်ငံပေါင်း ၇၂ နိုင်ငံသို့ တန်ချိန် ၃၂ သန်း(ကန်ဒေါ်လာ ၁၅.၂ ဘီလီယံ) တင်ပို့နိုင်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ဓာတ်မြေသြဇာတန်ချိန် ၅၅ သန်းနီးပါး ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန် ၂၇ သန်း(ကန်ဒေါ်လာ ၂၀.၇ ဘီလီယံ) တင်ပို့နိုင်ခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ဓာတ်မြေသြဇာတန်ချိန် ၅၉ သန်းနီးပါး ထုတ်လုပ်နိုင်ခဲ့ပြီး တန်ချိန် ၃၂.၃ သန်း (ကန်ဒေါ်လာ ၁၃ ဘီလီယံ) တင်ပို့နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ရုရှားသည် ဓာတ်မြေသြဇာတန်ချိန် ၆၄ သန်းကျော်အထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဟု မျှော်မှန်းထားပြီး ပြည်ပသို့ တင်ပို့မှုလည်း တိုးတက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ရုရှားဓာတ်မြေသြဇာအဓိက တင်သွင်းသောနိုင်ငံများမှာ ဘရာဇီး၊ အိန္ဒိယ၊ အမေရိကန်၊ တရုတ်၊ မက္ကဆီကို၊ အင်ဒိုနီးရှား၊ တူကီယဲ၊ ပြင်သစ်၊ ဂျာမနီ၊ မလေးရှား စသည့်နိုင်ငံများဖြစ်သည်။

Agribusiness & Trade

ဥရောပသမဂ္ဂ(EU)နိုင်ငံများဖြစ်သည့် ပြင်သစ်၊ ဂျာမနီ၊ ပိုလန်နှင့် ဘယ်လ်ဂျီယံတို့သည် ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာများကို တိုးမြှင့်ဝယ်ယူတင်သွင်းလျက်ရှိပြီး အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနှင့် မလေးရှားတို့သည်လည်း ရုရှားဓာတ်မြေဩဇာများ တိုးမြှင့်တင်သွင်းနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://expert.ru/news/kabmin-uvelichil-kvotu-na-vyvoz-mineralnykh-udobreniy/

.................................................................................................................................

## ရုရှားသည် အင်ဒိုနီးရှားသို့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်မြေဩဇာနှင့် ဂျုံများ တိုးမြှင့်တင်ပို့နိုင်ရန် ဆွေးနွေး

ရုရှားသည် သဘာဝဓာတ်ငွေ့ရည် ထောက်ပံ့မှုအပါအဝင် ရေနံ၊ သဘာဝဓာတ်ငွေ့၊ ဓာတ်မြေဩဇာနှင့် ဂျုံများ တင်ပို့မှုနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ရန်၊ ကုန်သွယ်ရေး၊ စီးပွားရေးနှင့် လူသားချင်းစာနာထောက်ထားမှုနယ်ပယ်များတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အင်ဒိုနီးရှားလုပ်ဖော်ကိုင်ဖက်များနှင့် ဆွေးနွေးခဲ့ကြောင်း ရုရှားနိုင်ငံ၏ ပထမ ဒုတိယဝန်ကြီးချုပ် Mr. Denis Manturov က အင်ဒိုနီးရှား နိုင်ငံသမ္မတ၏ ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ပြီးနောက် ပြောကြားခဲ့သည်။

ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU)နှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်(FTA) စာချုပ် ချုပ်ဆိုခြင်းသည် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် အရေးပါသည့်အချက်ဖြစ်ကြောင်း၊ လက်ရှိတွင် FTA စေ့စပ်ညှိနှိုင်းရေးသည် နောက်ဆုံးအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ လောင်စာဆီများအပါအဝင် ရုရှားဂျုံနှင့် ဓာတ်မြေဩဇာများအား အင်ဒိုနီးရှား မိတ်ဖက်များ၏ လိုအပ်ချက်များအတိုင်း ဖြည့်ဆည်းပေးရန် အဆင်သင့်ရှိကြောင်း၊ နျူကလီးယားစွမ်းအင်နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း စိတ်ဝင်စားကြောင်း၊ လာမည့်နှစ်တွင် ရုရှားနှင့် အင်ဒိုနီးရှားတို့သည် သံတမန်ဆက်ဆံရေးထူထောင်ခြင်း ၇၅ နှစ် မြောက် နှစ်ပတ်လည်နေ့ကို ကျင်းပရန် ပြင်ဆင်နေကြောင်း ပထမ ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

Agribusiness & Trade

နှစ်နိုင်ငံကြား ငွေပေးချေမှု၏ ၅၀ ရာခိုင်နှုန်းသည် ဒေါ်လာနှင့် ယူရိုပြင်ပတွင် ပြုလုပ်ထားပြီး နိုင်ငံများ၏ ဗဟိုဘဏ်များသည် ပိုမိုနီးကပ်သော ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်စတင်ရန် စီစဉ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ရုရှားနှင့် အင်ဒိုနီးရှားကြား ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန် ဒေါ်လာ ၄.၁ ဘီလီယံအထိ ရှိခဲ့ပြီး ယခုနှစ်တွင်လည်း အဆိုပါပမာဏကို ထိန်းသိမ်းနိုင်မည့် အခွင့် အလမ်းများရှိကြောင်း ခန့်မှန်းထားသည်။ ရုရှားသည် အင်ဒိုနီးရှားနိုင်ငံသို့ ရေနံနှင့် ရေနံထွက်ကုန် များ၊ သံနှင့် သံမဏိ၊ ဓာတ်မြေဩဇာ၊ ဂျုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်ပို့ပြီး အင်ဒိုနီးရှားမှ စားအုန်းဆီ၊ ရော်ဘာ၊ ကော်ဖီနှင့် စိုက်ပျိုးရေးထွက်ကုန်များ အဓိကတင်သွင်းကြောင်း သိရှိရသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှုး
မော်စကို
Source : http://government.ru/news/53059/

## ရုရှားသည် မလေးရှားနိုင်ငံသို့ ဓာတ်မြေဩဇာများ တိုးမြှင့်တင်ပို့ရန် စီစဉ်

ရုရှားနိုင်ငံသည် မလေးရှားနိုင်ငံသို့ ဓာတုဗေဒစက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ ဓာတ်မြေဩ ဇာများ တိုးမြှင့်ထောက်ပံ့ပေးရန် စီစဉ်နေကြောင်းနှင့် အဆိုပါကိစ္စကို တတိယအကြိမ် ရုရှား-မလေး ရှား အစိုးရအချင်းချင်း စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးတွင် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်ကြောင်း ကော်မရှင်ပူးတွဲဥက္ကဋ္ဌ၊ ရုရှား သိပ္ပံနှင့် အဆင့်မြင့်ပညာရေးဝန်ကြီး Mr. Valery Falkov က ပြောကြားခဲ့သည်။

ဆီအုန်းထုတ်လုပ်ခြင်းကဲ့သို့သော မလေးရှား၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန် အရေးပါသည့် ဓာတုဗေဒစက်မှုလုပ်ငန်းသုံးထုတ်ကုန်များ၊ အထူးသဖြင့် ဓာတ်မြေဩဇာများကို မလေး ရှားနိုင်ငံသို့ တိုးမြှင့်ထောက်ပံ့ပေးရန် သဘောတူညီခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ Mr. Valery Falkov မှ ရုရှားနှင့်မလေးရှား၏ စိုက်ပျိုးရေးကဏ္ဍ ပူးပေါင်း ဆောင်ရွက်မှုများသည် ရလဒ်ကောင်းများရှိကြောင်း၊ ရုရှားနိုင်ငံမှ မလေးရှားနိုင်ငံသို့ နို့ထွက်ပစ္စည်း များအပြင် အမဲသားတင်ပို့မှုများအတွက် ယခုနှစ်မေလတွင် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေး

ခဲ့ကြောင်း၊ ယခုနှစ် နိုဝင်ဘာလကုန်တွင် ကြက်သားတင်ပို့မှုအတွက် အသိအမှတ်ပြုလက်မှတ်များ ရရှိရန် မျှော်လင့်ထားကြောင်း၊ Halal အသိအမှတ်ပြုလက်မှတ်များ တိုးတက်ရရှိအောင် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ရုရှား-မလေးရှား အစိုးရအချင်းချင်း စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကော်မရှင်သည် နှစ်နိုင်ငံအစိုးရအကြား ဆွေးနွေးမှုများအတွက် ပလက်ဖောင်းတစ်ခုဖြစ်သည်။

မလေးရှားနိုင်ငံသည် ရုရှားနိုင်ငံမှ တင်သွင်းလျက်ရှိသည့် ဓာတ်သတ္တုဓာတ်မြေဩဇာများ အနက် ပိုတက်ဆီယမ်ဓာတ်မြေဩဇာများကို အများဆုံးတင်သွင်းလျက်ရှိသည်။ ၂၀၂၂ ခုနှစ်အထိ ပိုတက်ဆီယမ်ဓာတ်မြေဩဇာ တန်ချိန် ၂၅၀,၀၀၀ ခန့် တင်သွင်းလျက်ရှိရာမှ ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၅၇၅,၀၇၂ ၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၁၈.၇ သန်း ၂ ဆ ကျော်အထိ တိုးတက်တင်သွင်းခဲ့ပါသည်။ မလေးရှားနိုင်ငံသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ ဓာတ်မြေဩဇာများကို တိုးမြှင့်တင်သွင်းလျက်ရှိကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : https://www.alta.ru/external_news/113654/

..........................................................................................................

## ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၈ လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ တိုးတက်

၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှု ပိုငွေသည် ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၅.၈၇ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ ရရှိခဲ့ကြောင်း ရုရှားဖက်ဒရယ် အကောက်ခွန်ဝန်ဆောင်မှုဌာန (Federal Customs Service - FCS)၏ အချက်အလက်များအရ သိရှိရသည်။

အစီရင်ခံကာလအတွင်း ပို့ကုန်ပမာဏသည် တန်ဖိုးအမေရိကန်ဒေါ်လာ ၂ ဘီလီယံ တိုးတက်လာပြီး ဒေါ်လာ ၂၇၈ ဘီလီယံသို့ ရောက်ရှိခဲ့ကာ သွင်းကုန်သည် ဒေါ်လာ ၁၂.၃ ဘီလီယံ ကျဆင်းခဲ့ပြီး ဒေါ်လာ ၁၇၈ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ထို့ကြောင့် ရုရှားနိုင်ငံ၏ ကုန်သွယ်မှုပမာဏသည်

၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂.၃၃ ရာခိုင်နှုန်း လျော့နည်းခဲ့ပြီး ဒေါ်လာ ၄၅၆ ဘီလီယံ ရှိခဲ့သည်။

FCS ၏ အချက်အလက်များအရ ရုရှားမှ ဥရောပနိုင်ငံများသို့ တင်ပို့မှုသည် တန်ဖိုးဒေါ်လာ ၄၃.၈ ဘီလီယံရှိကာ ၂၇.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ဥရောပနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၄၇.၉ ဘီလီယံရှိကာ ၁၀.၂၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တစ်ချိန်ထဲတွင် အာရှနိုင်ငံများသို့ တင်ပို့မှုသည် ဒေါ်လာ ၂၀၉.၁ ဘီလီယံရှိကာ ၇.၆၁ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တင်သွင်းမှုသည် ဒေါ်လာ ၁၁၈.၁ ဘီလီယံရှိကာ ၄.၆၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

အာဖရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုမှာ ဒေါ်လာ ၁၆.၃ ဘီလီယံရှိကာ ၂၂.၄၈ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး တင်သွင်းမှုမှာ ဒေါ်လာ ၂.၂ ဘီလီယံရှိကာ ၃.၃၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ မြောက်နှင့်လက်တင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုသည် ဒေါ်လာ ၈.၅ ဘီလီယံရှိကာ ၂၀၂၃ ခုနှစ် ကာလတူနှင့်နှိုင်းယှဉ်ပါက တည်ငြိမ်မှုရှိပြီး ယင်းနိုင်ငံများမှ တင်သွင်းမှုသည် ဒေါ်လာ ၉.၃ ဘီလီယံရှိကာ ၉.၈၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ရုရှား၏ အဓိကပို့ကုန်မှာ တွင်းထွက်ပစ္စည်းသည် ဒေါ်လာ ၁၇၂.၆ ဘီလီယံ(၃.၀၉ ရာခိုင်နှုန်း) ဖြင့် အများဆုံးရပ်တည်နေပြီး ဒုတိယအများဆုံးပို့ကုန်မှာ သတ္တုနှင့် သတ္တုထုတ်ကုန်သည် ဒေါ်လာ ၃၉ ဘီလီယံ(၂.၇၆ ရာခိုင်နှုန်း) ဖြစ်ကာ တတိယနေရာမှာ စိုက်ပျိုးရေးထုတ်ကုန်များသည် ဒေါ်လာ ၂၇.၂ ဘီလီယံဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ရုရှား၏ အဓိကသွင်းကုန်မှာ စက်ယန္တရား၊ စက်ကိရိယာ၊ မော်တော်ယာဉ်များသည် ဒေါ်လာ ၉၀.၁ ဘီလီယံရှိပြီး ၅.၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဒုတိယအများဆုံး သွင်းကုန်မှာ ဓာတုဗေဒစက်မှုလုပ်ငန်းထုတ်ကုန်များသည် ၃၄.၂ ဘီလီယံရှိပြီး တတိယနေရာတွင် စိုက်ပျိုးရေးထုတ်ကုန်မျာဖြစ်ကာ ဒေါ်လာ ၂၄.၂ ဘီလီယံရှိသည်။

ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုအချက်အလက်များအရ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် သိသိသာသာကျဆင်းလျက်ရှိပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် မြင့်တက်လာလျက်ရှိကြောင်း တွေ့ရှိရသဖြင့် အနာဂတ်တွင်လည်း အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်း သုံးသပ်ရပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံနှင့်

Agribusiness & Trade

ကုန်သွယ်မှုအလားအလာကောင်းများ ရှိနေပါကြောင်းနှင့် မြန်မာနိုင်ငံမှ ရုရှားနိုင်ငံသို့ စိုက်ပျိုးရေး ထွက်ကုန်များ တင်ပို့နိုင်မည့် အလားအလာကောင်းများ ရှိနေပါကြောင်း သုံးသပ်ရပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး

မော်စကို

Source : https://tass.ru/ekonomika/22092229

.......................................................................................................................

## ရုရှား-တရုတ် ကုန်သွယ်မှုပမာဏ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကန်ဒေါ်လာ ၁၈၀.၃၅ ဘီလီယံရှိပြီး ၂ ရာခိုင်နှုန်းတိုးတက်

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ ရုရှားနှင့် တရုတ်ကြား ကုန်သွယ်မှုပမာဏ သည် အမေရိကန်ဒေါ်လာ ၁၈၀.၃၅ ဘီလီယံရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၂ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့(GACC)က သတင်းထုတ်ပြန်ခဲ့သည်။

ထုတ်ပြန်ထားသည့် အချက်အလက်များအရ တရုတ်နိုင်ငံသို့ ရုရှားကုန်ပစ္စည်းများ တင်သွင်း မှုသည် ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ကန်ဒေါ်လာ ၉၇.၂ ဘီလီယံအထိ ရှိပြီး ၁.၇ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ရုရှားနိုင်ငံသို့ တရုတ်ကုန်ပစ္စည်းများ တင်ပို့မှုသည် ကန်ဒေါ်လာ ၈၃.၁၅ ဘီလီယံ ခန့်ရှိပြီး ၂.၄ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။ ရုရှားဘက်က ကုန်သွယ်မှုပိုငွေ ၁၄.၀၅ ဘီလီယံအထိ ရှိပြီး ၂၀၂၃ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၃.၆ ရာခိုင်နှုန်း တိုးလာခဲ့သည်။

စက်တင်ဘာလတွင် နှစ်နိုင်ငံကြားကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ ၂၁.၈ ဘီလီယံအထိ ရှိခဲ့သည်။ တရုတ်သို့ ရုရှားကုန်ပစ္စည်းများ တင်သွင်းမှုသည် ကန်ဒေါ်လာ ၁၀.၅၆ ဘီလီယံ ရှိပြီး ဩဂုတ်လနှင့် နှိုင်းယှဉ်ပါက ၇.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ရုရှားသို့ တရုတ်ကုန်ပစ္စည်းများ တင်ပို့မှု သည် ကန်ဒေါ်လာ ၁၁.၂၄ ဘီလီယံရှိပြီး ၉.၅ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ရုရှားမှ တရုတ်သို့ တင်သွင်းသော ကုန်ပစ္စည်းအများစုမှာ စွမ်းအင်အရင်းအမြစ်များ ဖြစ်သော ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ ဖြစ်သည်။ အခြားအဓိက တင်သွင်းသည့် ကုန် ပစ္စည်းများမှာ ကြေးနီနှင့် ကြေးနီသတ္တုရိုင်း၊ သစ်၊ ဓာတ်မြေဩဇာ၊ လောင်စာဆီနှင့် ရေထွက်ကုန် များ ဖြစ်သည်။ တရုတ်မှ ရုရှားသို့ အဓိက တင်ပို့သော ကုန်ပစ္စည်းများမှာ မော်တော်ကား၊ ထွန်စက်၊

စက်မှုနှင့် အထူးပြုစက်ပစ္စည်းကိရိယာများ၊ စမတ်ဖုန်း၊ အရုပ်၊ ဖိနပ်၊ သယ်ယူပို့ဆောင်ရေးယာဉ်၊ လေအေးပေးစက်နှင့် ကွန်ပျူတာများ ဖြစ်ပါသည်။

ရုရှားနှင့် တရုတ်နိုင်ငံကြား ကုန်သွယ်ရေးစီးဆင်းမှုများတွင် ငွေပေးချေမှု၏ ၉၀ ရာခိုင်နှုန်း ကျော်သည် နိုင်ငံတော်သုံး ငွေကြေးများဖြစ်သည့် ရူဘယ်နှင့် ယွမ်ဖြင့် ပြုလုပ်လျက်ရှိသည့်အပြင် ရုရှားနိုင်ငံ၊ မော်စကိုစတော့အိတ်ချိန်း၌ တရုတ်နိုင်ငံသုံး ယွမ်ငွေ၏ဝေစုသည် ၅၄ ရာခိုင်နှုန်းရှိပြီး ယွမ်သည် ငွေလဲလှယ်ရောင်းဝယ်ရေးတွင် အဓိက ငွေကြေးတစ်ခု ဖြစ်လာခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကြားကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ ၂၄၀.၁၁ ဘီလီယံသို့ စံချိန်တင် အမြင့်ဆုံးရောက်ရှိခဲ့သည်။ ရုရှားနှင့် တရုတ်ကြား ကုန်သွယ်မှုပမာဏမှာ တိုးတက်လျက်ရှိပြီး ယခုနှစ်တွင် ကန်ဒေါ်လာ ၂၅၀ ဘီလီယံအထိ ရောက်ရှိရန် လုံလောက်သောအခွင့်အလမ်းများရှိကြောင်း ကျွမ်းကျင်သူများက သုံးသပ်ထားပါသည်။

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

Source : [https://www.vedomosti.ru/business/news/2024/10/14/1068464-obem-torgovli](https://www.vedomosti.ru/business/news/2024/10/14/1068464-obem-torgovli)

.....................................................................................................

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် RCEP ၏ ကုန်သွယ်ရေးဖြေလျှော့မှုများမှ အကျိုးအမြတ်ရရှိရန် မျှော်လင့်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံး နိုင်ငံစုံလွတ်လပ်သောကုန်သွယ်ရေးအဖွဲ့ဖြစ်သည့် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု(Regional Comprehensive Economic Partnership -RCEP)တွင် အဖွဲ့ဝင်အဖြစ် တရားဝင်လျှောက်ထားရန် မျှော်လင့်ထားကြောင်း ၎င်း၏ကုန်သွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နိုင်ငံအများအပြားနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်များကို ညှိနှိုင်းရန် ပြင်ဆင်နေကြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်ဟု Business Standard အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရှိရပါသည်။

Agri Business & Trade

အိန္ဒိယသည် အရေးကြီးသော ကုန်သွယ်ဖက်အဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်သော်လည်း ဘင်္ဂလားဒေ့ရှ်သည် ၎င်း၏စီးပွားရေးကို မြှင့်တင်ရန်အတွက် ကုန်သွယ်မှုအခင်းအကျင်းကို ကွဲပြားစေပြီး ပိုမိုကျယ်ပြန့်သော ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ဖန်တီးရန် အရေးကြီးကြောင်း၊ RCEP သည် ဤလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည့် အခွင့်အရေးကို ပေးနိုင်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်ဟု သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံနှင့် ဘက်စုံစီးပွားရေးမိတ်ဖက်ဆက်ဆံမှုသဘောတူညီချက်(Comprehensive Economic Partnership Agreement-CEPA)နှင့်ပတ်သက်၍ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပြီး RCEP နှင့် CEPA တွင် ပါဝင်ခြင်းသည် အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို တိုးချဲ့နိုင်ပြီး ၎င်းတို့၏ စီးပွားရေးအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို နီးကပ်စွာ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်သည် ပါဝင်သည့် အဖွဲ့ဝင်များ၏ ဘုံဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာဝပြောမှုတို့ကို မြှင့်တင်ရန်ဖြစ်ကြောင်းနှင့် ပိုမိုကျယ်ပြန့်၍ လွတ်လပ်သော ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုသည် အချင်းချင်း အပြန်အလှန်ဖြည့်ဆည်းရန်နှင့် ၎င်းတို့၏ သက်ဆိုင်ရာ နှိုင်းယှဉ်အားသာချက်များကို ပိုမိုကောင်းမွန်စွာ အသုံးချနိုင်စေရန်ဖြစ်ကြောင်း သိရှိရပါသည်။

ထို့အပြင် နိုင်ငံတစ်ခုစီ၏ စက်မှုဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် အထောက်အကူပြုရန် ပါဝင်သော အဖွဲ့ဝင်များအကြားတွင် စက်မှုလုပ်ငန်းကွင်းဆက်များ ပေါင်းစည်းခြင်းသည် မရှိမဖြစ်လိုအပ်ကြောင်း၊ အပြန်အလှန်အားဖြင့် အနှောင့်အယှက်များနှင့် ကုန်သွယ်မှုအတားအဆီးများသည် နိုင်ငံအားလုံးကို ပိုမိုဖွံ့ဖြိုးတိုးတက်စေမည့် အခွင့်အလမ်းများကို ဆုံးရှုံးစေမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

RCEP သည် အာရှ-ပစိဖိတ်ဒေသအတွင်း စီးပွားရေးပေါင်းစည်းတည်ဆောက်မှု၏ သမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းများ မျှဝေပေးသည့် သိသာထင်ရှားသော ဥပမာတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

စတင်အကောင်အထည်ဖော်ချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုနီးကပ်လာကာ ကုန်သွယ်ရေးတိုးတက်မှုကို တည်ငြိမ်စေပြီး တွန်းအား

ဖြစ်စေခဲ့ကြောင်း၊ ဤဒေသသည် ရင်းနှီးမြှုပ်နှံမှုအတွက် ကမ္ဘာ့အချက်အချာနေရာတစ်ခုအဖြစ် ဆက်လက်တည်ရှိနေပြီး ဘက်စုံလွတ်လပ်သောကုန်သွယ်မှုကို တိုးချဲ့ခြင်းနှင့် အရည်အသွေးမြင့်မြင့် အကောင်အထည်ဖော်ခြင်းသည် ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် RCEP တွင် ပါဝင်ရန် စိတ်ဝင်စားခြင်းသည် ရေတိုစီးပွားရေးပြဿနာများသာမက ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မျှော်မှန်းချက်များကြောင့်လည်း ဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် RCEP တွင် ပါဝင်ရန် ပြီးခဲ့သည့်နှစ် စက်တင်ဘာလတွင် ဆုံးဖြတ်ခဲ့ခြင်းသည် သေချာစွာ စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အရာရှိများ၏ ပြောကြားချက်အရ Business Standard က ဖော်ပြခဲ့ကြောင်း သိရှိရပါသည်။

အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံနှင့် ဒေသအများစုသည် RCEP တွင် ပါဝင်နေပြီး ကမ္ဘာ့စီးပွားရေး၏ အတက်ကြွဆုံးဒေသဖြစ်လာရန် အဆင်သင့်ဖြစ်နေကြောင်း ယင်းစီးပွားရေးနှင့် ချိတ်ဆက်ရန် ဘင်္ဂလားဒေ့ရှ်အတွက် အရေးကြီးကြောင်း ဖော်ပြထားသည်ဟု သိရှိရပါသည်။

RCEP အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ချောမွေ့စွာ ပြီးဆုံးပါက RCEP တွင် ပါဝင်ခြင်းသည် ဘင်္ဂလားဒေ့ရှ်အတွက် ကုန်သွယ်ရေးဖြေလျှော့မှုကို သိသိသာသာမြှင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ RCEP သည် အာရှ-ပစိဖိတ်ဒေသကို လွှမ်းခြုံထားသည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက်ဖြစ်ပြီး ၎င်း၏အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေးနိုင်ကြောင်း၊ ဤမတူကွဲပြားသောကုန်သွယ်မှုပလက်ဖောင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လာခြင်းသည် ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးအပေါ် လေးနက်သော အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း သိရှိရပါသည်။

RCEP အဖွဲ့ဝင်ဖြစ်မှုသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် အထူးသဖြင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကဲ့သို့ အဓိကစီးပွားရေးနိုင်ငံများသို့ ဈေးကွက်ဝင်ရောက်ခွင့် တိုးချဲ့ပေးမည်ဖြစ်ကြောင်း၊ RCEP အဖွဲ့ဝင် (၁၅)နိုင်ငံသည် ကမ္ဘာ့လူဦးရေ၏ (၃၀) ရာခိုင်နှုန်းနီးပါးကို ကိုယ်စားပြုရာ ဤအဖွဲ့သို့ ဝင်ရောက်မှုသည် အထည်အလိပ်၊ ချုပ်ပြီးအထည်၊ ဆေးဝါးနှင့် အခြားကုန်ပစ္စည်းများအပါအဝင် ဘင်္ဂလားဒေ့ရှ်၏ အဓိကပို့ကုန်ကဏ္ဍများကို မြှင့်တင်ရန် မျှော်လင့်ထားကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထို့အပြင် RCEP တွင် ပါဝင်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်၏ ဒေသတွင်းတန်ဖိုးကွင်းဆက်များနှင့် ချိတ်ဆက်မှု သိသိသာသာတိုးတက်လာမည်ဖြစ်ကြောင်း၊ သဘောတူညီချက်သည် ဒေသတွင်း ထောက်ပံ့ရေးကွင်းဆက်များ ပေါင်းစပ်ရာတွင် ထိရောက်မှုရှိကြောင်းကို သက်သေပြခဲ့ပြီးဖြစ်ရာ ဘင်္ဂလားဒေ့ရှ်သည် ဒေသတွင်း ထုတ်လုပ်မှုကွန်ရက်များနှင့် ပိုမိုလိုက်လျောညီထွေဖြစ်စေပြီး ၎င်း၏ ထုတ်ကုန်များ၏ တန်ဖိုးကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

RCEP မူဘောင်သည် ဒေသတွင်းရင်းနှီးမြှုပ်နှံမှု စီးဆင်းမှုများကို လွယ်ကူချောမွေ့စေကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အထူးသဖြင့် ကုန်ထုတ်လုပ်မှုနှင့် အခြေခံအဆောက်အဦကဏ္ဍများတွင် တိုးမြှင့်လာစေရန် ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ချဲ့ထွင်ခြင်းဖြင့် ဘင်္ဂလားဒေ့ရှ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာကို မြှင့်တင်နိုင်မည်ဖြစ်ပြီး၊ ၎င်း၏ ပြည်သူများအတွက် အလုပ်အကိုင် ဖန်တီးပေးပြီး လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဈေးကွက်တစ်ခုတည်းကို မှီခိုအားထားနေခြင်းသည် စိန်ခေါ်မှုများကို ဖြစ်စေသဖြင့် RCEP အဖွဲ့ဝင်နိုင်ငံများနှင့် ကုန်သွယ်မှုကို တိုးချဲ့ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွက် ဈေးကွက်ကွဲပြားမှုကို ရရှိစေပြီး ၎င်း၏စီးပွားရေးကြံ့ကြံ့ခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: en.people.cn/n3/2024/1018/c90000-20231053.html

..........................................................................................................

## တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရေရှည်တည်တံ့သော ကုန်သွယ်မှု ဆက်ဆံရေးကို မြှင့်တင်ရန် ယန္တရားတစ်ခုကို အကောင်အထည်ဖော်

ရေရှည်တည်တံ့ ခိုင်မြဲသော တရုတ်-ထိုင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းရေးယန္တရားသစ်တစ်ခုကို နှစ်ဘက်စီးပွားရေးအသိုင်းအဝိုင်းများမှ စတင်အကောင်အထည်ဖော်ခဲ့ကြောင်း သိရှိရပါသည်။

ထိုင်းကုန်သည်ကြီးများအသင်း၊ ထိုင်း-တရုတ်ကုန်သည်ကြီးများအသင်းနှင့် တရုတ်စီးပွားရေး လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းအဆိုပြုထားသည့် အဆိုပါယန္တရားသည် သတင်းအချက်အလက်

ကွာဟမှုများကိုလျှော့ချရန်နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါယန္တရားတွင် ကုန်သွယ်မှုသတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် နှစ်နိုင်ငံလုံးရှိ မူဝါဒများနှင့် စီးပွားရေးအခွင့်အလမ်းများကို အပြန်အလှန်နားလည်စေခြင်းအပါအဝင် အဓိကကဏ္ဍ (၉) ခုကို လွှမ်းခြုံထားသည့် အစီအစဉ်တစ်ခု ပါဝင်ကြောင်း သိရှိရပါသည်။

အဆိုပါယန္တရားသည် ပုံမှန်အစည်းအဝေးများ၊ ဖိုရမ်များနှင့် သင်တန်းပို့ချပေးသည့် အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်းနှင့် ကျွမ်းကျင်ပညာရှင်များသည် ဥပဒေနှင့် ကုန်သွယ်မှုဆိုင်ရာ အချက်အလက်များကို တိုင်ပင်ဆွေးနွေးပေးမည်ဖြစ်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်း ဒုတိယဥက္ကဋ္ဌ Poj Aramwattananont က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါ အဖွဲ့အစည်း (၃)ခုသည် 5G နည်းပညာ၊ e-commerce နှင့် လျှပ်စစ်ကားများ ကဲ့သို့သော ထွန်းသစ်စနယ်ပယ်များကို အဓိကထား၍ စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲများနှင့် ကုန်စည်ပြပွဲများကို လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ထိုင်းနှင့် တရုတ်စီးပွားရေးလုပ်ငန်းများအား ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် တိုက်တွန်းသွားမည့်အပြင် ကုန်သွယ်မှုသတင်းအချက်အလက် ဖလှယ်ရေးအတွက် နှစ်ဖက်စလုံးက မီဒီယာများနှင့် နီးနီးကပ်ကပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်နှစ်က တရုတ်နှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၂၆.၃)ဘီလီယံအထိ ရှိခဲ့ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ထုတ်ပြန်ခဲ့ပြီး ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များ၏ အနည်းဆုံး (၄၀)ရာခိုင်နှုန်းသည် နှစ်စဉ် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

ထိုင်းနိုင်ငံ၏ အဓိကစီးပွားရေးကဏ္ဍတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် တရုတ်နိုင်ငံသည် ဧည့်သည်ဝင်ရောက်မှု အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံ၏အမျိုးသားနေ့အားလပ်ရက်အတွင်း ထိုင်းနိုင်ငံသို့ တရုတ်ခရီးသွား(၁၆၀,၀၀၀) ကျော် လာရောက်လည်ပတ်ခဲ့ပြီး ဝင်ငွေ ဘတ်(၅)ဘီလီယံ (အမေရိကန်ဒေါ်လာသန်း ၁၅၀) ခန့် ရရှိခဲ့ကြောင်း ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ထံမှ သိရှိရပါသည်။

Agribusiness & Trade

လွန်ခဲ့သည့် သုံးလအတွင်း နှစ်ဖက်အဖွဲ့အစည်းများသည် အဆိုပါ ယန္တရားတည်ဆောက်ရေး စီမံချက်ကို ဆွေးနွေးခဲ့ကြပြီး အနာဂတ်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးများကို လျှော့ချရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည်ဟု မျှော်လင့်ကြောင်းနှင့် ထိုင်းစီးပွားရေး အသိုက်အဝန်းသည် တရုတ်နှင့် ထိုင်းနိုင်ငံတို့အကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် ကုန်သွယ်မှုမိတ်ဖက်ဆက်ဆံရေးကို အမြဲတန်ဖိုးထားကြောင်း ထိုင်း-တရုတ် ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Narongsak က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

လာမည့်နှစ်တွင် တရုတ်-ထိုင်း သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀)ပြည့် နှစ်ပတ်လည်ဖြစ်ရာ တရုတ်သံရုံး၏ ပံ့ပိုးကူညီမှုဖြင့် အဆိုပါယန္တရားစတင်မှုသည် နှစ်နိုင်ငံအကြား ပိုမိုနီးကပ်လာကာ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုကို ပိုမိုမြင့်မားလာစေမည်ဖြစ်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ Sanan Angubolkul က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ထိုင်းစီးပွားရေးကို ခြိမ်းခြောက်နိုင်သည့် တရုတ်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာပြီး တရားမျှတသော ကုန်သွယ်မှုကို အမြဲတမ်းအားပေးသင့်ကြောင်း ဆန်နန်က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နှင့် ထိုင်းနိုင်ငံတို့အကြား ကုန်သွယ်မှုသည် နှစ်နိုင်ငံ စီးပွားရေးတိုးတက်မှုကို များစွာ အထောက်အကူပြုပြီး ပြည်သူများအကြား နားလည်မှုများလည်း တိုးတက်လာခဲ့ကြောင်းနှင့် လက်ရှိ ယန္တရားသည် နှစ်နိုင်ငံအကြား ပေါင်းကူးတံတားတစ်စင်းအဖြစ် ဆောင်ရွက်ပေးပြီး ပြည်သူများ အတွက် သာယာဝပြောသောဘဝနှင့် ကောင်းမွန်သော အနာဂတ်ကို ဆောင်ကြဉ်းပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: en.gxzf.gov.cn/2024-10/12/c_1031776.htm

……………………………………………………………………………………………….

Agribusiness & Trade

# တရုတ်နိုင်ငံသည် ဗီယက်နမ်နှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်မည်

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် စီးပွားရေးနှင့် ကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ၁၇-၁၀-၂၀၂၄ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဗီယက်နမ်သည် အာဆီယံနိုင်ငံများအနက် တရုတ်နိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်ဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်ရှိသူ He Yadong က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလမှ စက်တင်ဘာလအထိ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ (၁၉၀.၃၈)ဘီလီယံရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၁၇.၆)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်သည် တရုတ်နိုင်ငံအတွက် အရေးပါသော ပြည်ပရင်းနှီးမြှုပ်နှံမှုနေရာတစ်ခု ဖြစ်ပြီး ပထမရှစ်လအတွင်း ဗီယက်နမ်တွင် တရုတ်လုပ်ငန်းများမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုသည် စုစုပေါင်းအမေရိကန်ဒေါ်လာ (၁.၉၇)ဘီလီယံရှိပြီး လျင်မြန်စွာ တိုးတက်လာခဲ့ကြောင်း သိရှိရပါသည်။

သတင်းအချက်အလက်နည်းပညာ၊ စွမ်းအင်သစ်နှင့် ဒစ်ဂျစ်တယ်စီးပွားရေးစသည့် ထွန်းသစ်စနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ကာ နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်များ တည်ထောင်ရေးအတွက် ရှေ့ပြေးစမ်းသပ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

နှစ်နိုင်ငံမှ လုပ်ငန်းရှင်များသည် China International Import Expo၊ the China Import and Export Fair နှင့် the China-ASEAN Expo ကဲ့သို့သော ပလပ်ဖောင်းများကို အပြည့်အဝအသုံးပြုနိုင်စေရန် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

ထောက်ပံ့ရေးကွင်းဆက်များနှင့် ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားဆောင်ရွက်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့
Source: en.people.cn/n3/2024/1018/c90000-20231054.html

Agribusiness & Trade

## တရုတ်နိုင်ငံ၏ စီးပွားရေးသည် တစ်နှစ်တာရည်မှန်းချက်ကို ပြည့်မီရန် လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေ

ယခုနှစ် ပထမ(၉)လအတွက် စီးပွားရေးအချက်အလက်များအရ တရုတ်အစိုးရ၏ စီးပွားရေးကို မြှင့်တင်ရန်အကောင်အထည်ဖော်ခဲ့သည့် မူဝါဒများသည် ထိရောက်မှုရှိကြောင်း၊ စက်မှုအသွင်ကူးပြောင်းမှုနှင့် စီးပွားရေးအဆင့်မြှင့်တင်မှုတွင် ထင်ရှားသော တိုးတက်မှုများရရှိခဲ့သည်ကို စံနမူနာပြနိုင်ခဲ့ကြောင်းနှင့် ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားအကြီးဆုံးဖြစ်သည့် တရုတ်နိုင်ငံသည် ၎င်း၏တစ်နှစ်တာရည်မှန်းချက်များပြည့်မီရန် လမ်းကြောင်းမှန်ပေါ်တွင် ရှိနေပြီဖြစ်ကြောင်း သိရှိရပါသည်။

အမျိုးသားစာရင်းအင်းဗျူရို (National Bureau of Statistics-NBS)၏ အချက်အလက်အရ တရုတ်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု (GDP)သည် ယခုနှစ် ပထမ(၉)လတွင် တစ်နှစ်ထက်တစ်နှစ် (၄.၈)ရာခိုင်နှုန်း တိုးလာပြီး တတိယသုံးလပတ်တွင် (၄.၆)ရာခိုင်နှုန်း တိုးလာကြောင်း၊ ပြင်ပပတ်ဝန်းကျင်စိန်ခေါ်မှုများနှင့် လက်ရှိပြည်တွင်းစီးပွားရေးပြန်လည် တည်ဆောက်မှုများ ရှိနေသည့်ကြားကပင် ထိုသို့တိုးတက်မှုရှိခြင်းသည် တရုတ်စီးပွားရေး၏ ခံနိုင်ရည်ရှိမှုနှင့် အလားအလာများကို မီးမောင်းထိုးပြနေကြောင်း ဖော်ပြထားပါသည်။

အတက်အကျအနည်းငယ်ရှိသော်လည်း ယေဘုယျအားဖြင့် တရုတ်နိုင်ငံ၏ စီးပွားရေးသည် တည်ငြိမ်သောတိုးတက်မှုရှိနေပြီး အဆိုပါရလဒ်သည် ထုတ်လုပ်မှုနှင့် ဝယ်လိုအားများ ပုံမှန်တိုးတက်နေခြင်း၊ တည်ငြိမ်သော အလုပ်အကိုင်နှင့် စျေးနှုန်းများနှင့် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုတွင် သိသာထင်ရှားသော တိုးတက်မှုတို့ကြောင့်ဖြစ်ကြောင်း၊ ပြီးခဲ့သည့်လက ထုတ်လုပ်မှုနှင့် ဝယ်လိုအား အညွှန်းကိန်းအများစုတွင် တိုးတက်မှုများရရှိခဲ့ရာ စျေးကွက်မျှော်လင့်ချက်များကို အားကောင်းစေခဲ့ပြီး စီးပွားရေးပြန်လည်ဦးမော့လာမှုကို ပံ့ပိုးပေးသည့် အပြုသဘောဆောင်သော အချက်များကို မြင်တွေ့ခဲ့ရကြောင်း သိရှိရပါသည်။

ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအရ စက်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် နည်းပညာမြင့်ကဏ္ဍများတွင် (၇.၅)ရာခိုင်နှုန်းနှင့် (၉.၁)ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ရာ စက်မှုလုပ်ငန်းကြီးများအားလုံးအတွက် သတ်မှတ်ထားသည့် (၅.၈)ရာခိုင်နှုန်းကို သိသိသာသာ ကျော်လွန်ခဲ့ကြောင်း၊ ဤပြောင်းလဲမှုသည် ပိုမိုထိရောက်သော၊ နည်းပညာဖြင့်မောင်းနှင်သော စက်မှုလုပ်ငန်းဆီသို့ အသွင်ကူးပြောင်းမှုကို ထင်ဟပ်စေကြောင်း သိရှိရပါသည်။

Agribusiness & Trade

ထို့အပြင် အပြုသဘောဆောင်သော အညွှန်းကိန်းများသည် စီးပွားရေးပြန်လည်ဦးမော့လာမှုကို ညွှန်ပြနေပြီး ပို့ကုန်များသည် မျှော်မှန်းထားသည်ထက် ကျော်လွန်ကာ ပထမ(၉)လတွင် တစ်နှစ်ထက်တစ်နှစ် (၆.၂)ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် အဓိကကဏ္ဍဖြစ်သည့် နွေစပါးရိတ်သိမ်းမှု အောင်မြင်ပြီး ဆောင်းဦးသီးနှံ ရိတ်သိမ်းမှုလည်း ကောင်းမွန်မည်ဟု မျှော်မှန်းထားကြောင်း သိရှိရပါသည်။

အိမ်ခြံမြေဈေးကွက်တည်ငြိမ်စေရန် ရည်ရွယ်သည့် မူဝါဒအစီအမံများ ဆက်တိုက်ပြုလုပ်ခဲ့ခြင်းကြောင့် အပြုသဘောဆောင်သော အပြောင်းအလဲများ ဖြစ်ပေါ်လာကြောင်း၊ ကြိုတင်ပိုင်ဆိုင်သည့်အိမ်များအတွက် အရောင်းအဝယ်များ မြင့်တက်လာပြီး စက်တင်ဘာလ၌ တရုတ်မြို့ကြီးများတွင် အိမ်ခြံမြေရောင်းဝယ်သည့်ဈေးနှုန်းများ တည်ငြိမ်မှုကို မြင်တွေ့ခဲ့ရကြောင်း၊ တရုတ်နိုင်ငံ၏ အိမ်ခြံမြေဈေးကွက်သည် သုံးနှစ်ကြာ ပြုပြင်ပြောင်းလဲပြီးနောက် ဈေးနှုန်းစတင် ကျဆင်းနေပြီဖြစ်ကြောင်း အိမ်ရာနှင့် မြို့ပြ-ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး Ni Hong က ၁၇-၁၀-၂၀၂၄ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။

ထို့အပြင် အကြီးစားစက်ကိရိယာများ အဆင့်မြှင့်တင်ခြင်းနှင့် လူသုံးကုန်ပစ္စည်းများ အဟောင်းရောင်းအသစ်ဝယ်ခြင်းကဲ့သို့သော ဆောင်ရွက်ချက်များသည် ပြည်တွင်းဝယ်လိုအားကို မြှင့်တင်ရာတွင် အထောက်အကူဖြစ်စေကြောင်း၊ မော်တော်ကားနှင့် ပရိဘောဂများ ရောင်းချမှုသည် စက်တင်ဘာလတွင် (၁.၄)ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အနုတ်လက္ခဏာမှ အပြုသဘောဆောင်သော တိုးတက်မှုဆီသို့ ကူးပြောင်းသွားကြောင်း ဖော်ပြထားပါသည်။

အာဏာပိုင်များအနေဖြင့် မကြာသေးမီက ထပ်မံဆောင်ရွက်ခဲ့သော မူဝါဒများသည် စီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန် ခိုင်မာသော အထောက်အပံ့ဖြစ်စေကြောင်း၊ ဤမူဝါဒများ တဖြည်းဖြည်း အသက်ဝင်လာသည်နှင့်အမျှ တည်ငြိမ်သောတိုးတက်မှုနှင့် ဈေးကွက်မျှော်လင့်ချက်များကို မြှင့်တင်ခြင်းအပေါ် ၎င်းတို့၏အကျိုးသက်ရောက်မှုသည် ပိုမိုသိသာလာမည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် တိုးတက်မှုကို ပိုမိုလှုံ့ဆော်ရန် နောက်ထပ်မူဝါဒပိုင်းဆိုင်ရာလုပ်ဆောင်မှုများ ရှိနေဆဲဖြစ်ကြောင်း၊ စက်တင်ဘာလနှောင်းပိုင်းတွင် (၀.၅)ရာခိုင်နှုန်းလျှော့ချခဲ့ပြီးနောက် တရုတ်ဗဟိုဘဏ်သည် အရန်ငွေလိုအပ်ချက်အချိုးတွင် (၀.၂၅) ရာခိုင်နှုန်းမှ (၀.၅)ရာခိုင်နှုန်းကို ထပ်

Agribusiness & Trade

မံလျှော့ချရန် စဉ်းစားလျက်ရှိရာ ဈေးကွက်အတွင်း ငွေဖြစ်လွယ်မှုအခြေအနေများပေါ် မူတည်၍ ၂၀၂၄ ခုနှစ်မကုန်မီတွင် အကောင်အထည်ဖော်နိုင်ခြေရှိကြောင်း သိရှိရပါသည်။

ကမ္ဘာ့စီးပွားရေးသည် ပထဝီနိုင်ငံရေးဆိုင်ရာ အန္တရာယ်များကြောင့် မသေချာမရေရာမှုများနှင့် ရင်ဆိုင်နေရသော်လည်း တရုတ်နိုင်ငံသည် အဓိကစီးပွားရေးအင်အားကြီးနိုင်ငံများအနက် တိုးတက်မှုအမြန်ဆုံးဖြစ်ကာ အတည်ငြိမ်ဆုံးနှင့် ခံနိုင်ရည်အရှိဆုံးနိုင်ငံတစ်နိုင်ငံအဖြစ် ရှိနေကြောင်း သိရှိရပါသည်။

ထိရောက်သော တိုးတက်မှုမြှင့်တင်ရေး အစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် ယခုနှစ် နောက်ဆုံးသုံးလပတ်တွင် တရုတ်စီးပွားရေးသည် နိုင်ငံ၏ နှစ်စဉ်တိုးတက်မှု ရည်မှန်းချက်ကို ပြည့်မီစေနိုင်မည်ဟု ယုံကြည်ကြောင်း ဖော်ပြထားပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်းမြို့

Source: https://english.news.cn/20241018/9fc49f0a609646ae89259b0ab0ac69e0/c.html

…………………………………………………………………………………………………..

Agribusiness & Trade